ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၀)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက် )**

**[တနင်္လာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

( က ) ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကွင်းအမှတ်(၂၈၈/က)ရှိ လယ်ယာမြေဧက(၂၀၀)ကျော်အား ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ကြွေထည်၊ မြေထည်စီမံကိန်းအတွက်သိမ်းယူခဲ့ပြီး စီမံကိန်းပျက်ပြယ်ပြီးနောက် မူလပိုင်ရှင် တောင်သူများထံ ပြန်လည်ပေးအပ်ခြင်းမပြုဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်လေးဦးထံ လွှဲအပ်ရောင်းချခြင်း၊ မြေငှားဂရန်ချထားပေးခြင်းဖြင့် မမှန်မကန်ဆောင်ရွက်ခဲ့ခြင်းအား ပြန်လည်စိစစ်၍ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်စိုက်ပျိုးခွင့်ပြုနိုင်ရေး ကိုင်တွယ်ဖြေရှင်းပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ဌာနပိုင်မြေအမည်ပေါက်ဖြစ်သော ယခင်အုတ်စက်ရုံအမှတ်(၃)မြေကို "နိုင်ငံပိုင်ပစ္စည်းများအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၏ ဆုံးဖြတ်ချက်ဖြင့် အပြီးအပြတ်လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်သောကြောင့် စက်မှုဝန်ကြီးဌာနနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့သဖြင့် ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းမရှိကြောင်း" ရှင်းလင်းဖြေကြားသည်။

( ခ ) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ (ချည်မျှင်)ရွာသစ်ကြီး အခြေခံပညာအလယ်တန်းကျောင်းအား စက်မှုဝန်ကြီးဌာနအောက်မှ ပညာရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးအပ်ရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က အခြေခံပညာအလယ်တန်းကျောင်း (ချည်မျှင်)၏ ကျောင်းအဆောက်အအုံများကို ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ရေသယံဇာတ ငါးများပေါက်ဖွားရာဒီရေတောသစ်ပင်များကို ဧကထောင်ချီခုတ်လှဲ၍ အပြောင်ရှင်းစနစ်ဖြင့် ပုစွန်မွေးမြူရေးစီမံကိန်းကြီးများ တိုးချဲ့လုပ်ကိုင်နေခြင်းအပေါ် မည်ကဲ့သို့ခွင့်ပြုထားသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှုကော်မရှင်အဖွဲ့ဝင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် က ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် Khine Zin Yaw Trading Co.,Ltd တို့မှ ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် လျှောက်ထားမှုအပေါ်တွင် မြေယာလုပ်ကိုင်ခွင့် ခွင့်ပြုထားမှုမရှိသေးကြောင်း၊ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနတွင်လည်း ပုစွန်မွေးမြူရေး(ယာယီ)လိုင်စင် လျှောက်ထားရယူမှုမရှိသေးသည်ကို စိစစ်တွေ့ရှိရကြောင်းနှင့် ယင်းလုပ်ငန်းများလုပ်ကိုင်နေပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့က အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မြို့နယ်တိုင်းရှိ စည်ပင်သာယာဈေးများတွင် ယခင်အခါများကထားရှိသော သမာဓိချိန်ခွင်နှင့် ခေတ်ပေါ်သမာဓိဒီဂျစ်တယ်ကတ္တားများထားရှိပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးညီထွန်း က စည်ပင်သာယာပိုင်ဈေးကြီးများတွင် သမာဓိချိန်ခွင်နှင့် ခေတ်ပေါ်ဒီဂျစ်တယ်ကတ္တားများကိုထားရှိ၍ အလေးတင်းတောင်းပြည့်မီစေရန် ကြပ်မတ်လျက်ရှိကြောင်း၊ တချို့စည်ပင်သာယာဈေးငယ်များတွင် လူဦးရေနည်းပါးပြီး ကုန်စည်ရောင်းဝယ်မှုနည်းပါးသဖြင့် သမာဓိချိန်ခွင်နှင့်အလေးအချိန်အတွယ်ကိုသာထားရှိကြောင်း၊ ခေတ်မီဒီဂျစ်တယ်ကတ္တားများထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အခါအားလျော်စွာ အလေးချိန်ခွင်များကို ဝင်ရောက်စစ်ဆေးပြီး မမှန်ကန်သောအလေးချိန်ခွင်များ အသုံးပြုမှုအတွက် သတိပေးခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ငွေများတပ်ရိုက်ခြင်းတို့ကို ပြဋ္ဌာန်းထားသော စည်ပင်သာယာရေးကော်မတီ စည်းကမ်း၊ ဥပဒေတို့နှင့်အညီ ပြုလုပ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ ဖြေကြားချက်များကို စုစည်းပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

(င) ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သည့် ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာများအဖြစ်ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်၊ ဦးညီထွန်း က သစ်ကြိမ်းကျေးရွာအုပ်စု၊ အောင်မင်္ဂလာကျေးရွာနှင့် ပေါက်မြိုင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာများ၏ မြေနေရာသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအမျိုးအစားတွင်တည်ရှိသဖြင့် မြို့မြေ၊ ရွာမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပြီးမှသာ ပြည်ထဲရေးအမည်ပေါက်ကျေးရွာများအဖြစ်

သတ်မှတ်ပေးနိုင်ကြောင်း၊ ခွင့်ပြုမိန့်ရရှိပါက ပြည်ထဲရေးအမည်ပေါက်ကျေးရွာများ အဖြစ်လျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်း ဆွေးနွေးခြင်း**

၃။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော တံတားကြီးများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး က ဆွေးနွေးသည်။

**အဆို ဆွေးနွေးခြင်း**

၄။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသောမြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦး က ဆွေးနွေးသည်။

၅။ အစည်းအဝေးကို ၁၁း၃၉ နာရီ အချိန်တွင် ရပ်နားပြီး (၂၁)ရက်မြောက်နေ့ အစည်းအဝေးကို ၆-၃-၂၀၁၉ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**